# MAPCO NEWSLETTER

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

www.mapco.com.mm

No.2 January, 2013



# My Word is My Bond သို့မဟုတ် ယုံကြည်မှု ဂုဏ်သိက္ခာ တို့ဖြင့် တည်ဆောက်ရမည့်ဈေးကွက်

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

မြန်မာနိုင်ငံအနေနှင့် နိုင်ငံရေးနှင့်စီးပွားရေး အံ့ဝင်ဂွင်ကျမရှိခဲ့မှုကြောင့် Globalization ရေစီးကြောင်းထဲ အလိုက်သင့်စီးမျောသွားနိုင်ခဲ့ခြင်း မရှိဘဲ နှစ်အတန်ကြာ ရေမျောကမ်းတင်ဘဝ၊ သောင်တင်ရေမကျ ဘဝဖြင့် နေထိုင်ခဲ့ကြရသည်။မျက်မှောက်ကာလတွင် မိမိတို့နိုင်ငံနှင့် အံ့ဝင်ခွင်ကျသော ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်း နှင့်ဈေးကွက် စီးပွားရေးစနစ်တို့ဖြင့် တက်ကုန်ရွက်စုံလွှင့်ကြရပေတော့မည်။

ဈေးကွက်စီးပွားရေးစနစ်တွင် Guidance, Price Rationale, Information , Impersonality နှင့် Freedom of Choice ဆိုသည့် Function များဖြင့် လုပ်ရှားဆောင်ရွက်ရသည်။ယင်းမှာ ဈေးကွက်ယန္တယား၏ အလိုအလျောက်ဖြစ်စဉ်အရ လည်ပတ်နေခြင်းသာဖြစ်ပေသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ဝင်ရောက်ထိန်းသိမ်းပေးရန်၊ ညှိနှိုင်းပေးရန် မည်သည့်အုပ်ချုပ်ရေး ယန္တယားမှမလိုအပ်ပါ။သူ့သဘောသူဆောင်၍ လုပ်ငန်းကြီးများ ပြိုင်ဆိုင်မှုအားကောင်းလေ တနည်းအားဖြင့် Perfect Competition ဖြစ်လေ ဈေးကွက်ယန္တယားချောမွေ့လေဖြစ်သည်။

ဤကဲ့သို့သော အမူအယာမျိုးဖြစ်ပေါ်စေရန် နိုင်ငံခြားငွေကြေးနှင့် ငွေရေးကြေးရေးစီမံဆောင်ရွက်မှုများ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ငွေကြေးဈေးကွက်ဖွံ့ဖြိုးဖြစ်ထွန်းစေမှုများ နိုင်ငံတကာငွေကြေးလဲလှယ်နိုင်မှုများ၊ ထိန်းချုပ်မှုမှ သီးခြား လွတ်ကင်းသောဗဟိုဘဏ်စသည့်ငွေကြေး ဆိုင်ရာများ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိရပေမည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီးများ လွယ်ကူသက်သာစွာ ရရှိနိုင်မည့် အရင်းအနှီးဈေးကွက်သည်လည်း ရှိရန်လိုပေသည်။ ယနေ့ယင်းအခြေအနေများ တစ်စထက်တစ်စ တိုးတက်ဖြစ်ပေါ်လျက် ရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် Stock & Share Market ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် လွန်ခဲ့သောရာစုနှစ်ပေါင်း (၄)စု ကျော်ခန့်က လန်ဒန် Stock Share အရုဏ်ဦးကာလလန်ဒန်အစိုးရနှင့် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီများ၏ အပတ်တကုတ်အားထုတ်ခဲ့ကြပုံများကို ပြန်လည် အမှတ်ရရန်လိုအပ်ပါသည်။ ထိုစဉ်က လန်ဒန်မြို့တော် Coffee House များတွင် ငွေကြေးအရင်းအနှီးစုဆောင်းနိုင်ရေးအတွက် အစိုးရနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီများ စတင်ကြိုးစားခဲ့ကြသည်။

Public Subscription များ Stock Jobbers များ လန်ဒန်မြို့တော်ကြီး၏ ကော်ဖီဆိုင်များတွင် တွေ့ဆုံခဲ့ကြပြီး အရင်းအနှီးစုဆောင်းသည့် လှုပ်ရှားမှုစတင်ခဲ့ကြခြင်းဖြင့် Stock & Share ကဏ္ဍဖွင့်လှစ်ခဲ့ကြသည်ဟုပြောနိုင်ပါသည်။ ကော်ဖီဆိုင်များတွင် Stock & Share ကိစ္စပြောကြဆိုကြ လုပ်ကိုင်ကြရင်း ၁၈ရာစု ဆန်းစကာလရောက်မှပင် Stock Exchange ကို သီးသန့် အဆောက်အဦးတွင် လုပ်ကိုင်လာနိုင်ခဲ့ကြသည်။ Stock Exchange အမူအကျင့်များကို “ မုဆိုးစိုင်သင် ” လေ့လာသင်ယူခဲ့ကြသည်။ဆည်းပူးခဲ့ကြပါသည်။ Stock Exchange ဘာသာရပ်တစ်ရပ်အနေဖြင့် တဖြေးဖြေးပြည့်စုံလာခဲ့သလို ဥစ္စာဓနများလည်း စုဆောင်း နိုင်ခဲ့ကြပါသည်။

၁၈ရာစုဆန်းစကာလတွင် London Stock Exchange Member လေးပုံသုံးပုံသည်ပုဂ္ဂိုလ်တစ်ဦးချင်းအနေနှင့် ပွဲစားများဖြစ်ကြပြီး ကျန်တစ်ပုံမှာ Jobber များဖြစ်ကြသည်။London Stock ခေတ်ဦးကာလတွင် Stock Jobbers များသည်ပွဲစားများထံမှ ရှယ်ယာများကိုဝယ်ယူပြီး ပွဲစားများမှတဆင့် ပြန်ရောင်းသည့်လုပ်ငန်းကို သူ့အသိုင်းအဝိုင်းနှင့်သူ လုပ်ကိုင်ခဲ့ကြသည်။အများပြည်သူ ဝင်ရောက် ဆောင်ရွက်လာခြင်း မရှိသေးသည့် ခေတ်ဦးကာလဖြစ်ပါသည်။

Broker များနှင့် Jobber များ တစ်ယောက်နှင့် တစ်ယောက်ရှယ်ယာလက်ပြောင်းလက်လွှဲလုပ်ကိုင် ဆောင်ရွက်ကြသည့် လုပ်ငန်းစဉ် သည် လွန်စွာရိုးရှင်းလွယ်ကူခဲ့ပါသည်။ သူတို့၏ လုပ်ဆောင်ချက် အဆင့်တိုင်းအတွက်မှတ်တမ်းများ အထောက်အထားများသည် သူတို့တတွေ ကိုယ်စီကိုင်ဆောင်ထားသည့် မှတ်စုစာအုပ် Note Book ကလေးများသာဖြစ်ကြသည်။ ယင်းမှတ်စုစာအုပ်ကလေးများနှင့် လုပ်ကိုင်ကြရင်း ယနေ့မျက်မှောက်ကာလတိုင်အောင် ဂုဏ်သိက္ခာကြီးစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်၍၁၇ရာစု လန်ဒန် Stock Exchange ဈေးကွက်နယ်ပယ်တွင်ရှိခဲ့ တွင်ကျယ်ခဲ့ကြသည့် Broker များနှင့် Jobber တို့၏ Transactionသည် သူတို့ကိုယ်စီကိုင်ဆောင်ထားသည့် မှတ်စုစာအုပ် Notebook ကလေးများမှသည် ယနေ့ Principle Base ဖြင့်ဂုဏ်သိက္ခာရှိစွာရပ်တည်လျှက်ရှိသည့် London Stock & Share Market တိုင်အောင်တည်ငြိမ်စွာချီတက်ခဲ့ကြပါသည်။

ထိုစဉ်က သူတို့တတွေပြောခဲ့ဆိုခဲ့ကြသည့် ဆိုရိုးစကားဆောင်ပုဒ် (Motto) တစ်ခုကိုတော့ ယနေ့မြန်မာနိုင်ငံတွင် Stock & Share Market ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအားထုတ်နေကြသူ ပုဂ္ဂိုလ်ကြီးငယ်အားလုံးသတိပြုမှတ်သားသင့် လိုက်နာကျင့်ကြံသင့်ကြပါသည်။ ထိုစဉ်က London Stock & Share တွင်ကျင်လည်လုပ်ကိုင်ခဲ့ကြသော လန်ဒန်သူ လန်ဒန်သားတို့၏ ဆိုရိုးစကားမှာ “ My Word is My Bond” ဟူ၍ဖြစ်ပါသည်။

ငွေကြေးဈေးကွက်၊ အရင်းအနှီးဈေးကွက်တို့တွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုနှင့် တည်ဆောက်ရပါမည်။ မြဲမြံခိုင်ခန့်သော ကတိကဝတ်ဖြင့် တည်ဆောက်ကြရပါသည်။ ယင်းနယ်ပယ်တွင်ရှိသည့် ထိန်းကွပ်ကြပ်မတ်သည့် အစိုးရ အပါအဝင် အခြားအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂိုလ်ကြီးငယ်တို့၏ ကာယကံ ဝစီကံ မနောကံ ကံသုံးပါးစလုံး ဂုဏ်သိက္ခာဖြင့်သာ ပြုမူကျင့်ကြံဆောင်ရွက် လုပ်ကိုင်ကြရပါကြောင်းနှင့် ယနေ့မျက်မှောက်ကာလတိုင်အောင် Principle Base ဖြင့် တည်ငြိမ် ထည်ဝါလျှက်ရှိသော London Stock Exchange ၏နနယ်စကာလတွင်ပါဝင်လှုပ်ရှားခဲ့ကြသည့် အင်္ဂလန်နိုင်ငံသူ နိုင်ငံသားကြီးများ၏ စိတ်နေစိတ်ထားနှင့် ဂုဏ်သိက္ခာကို ယင်းတို့ သုံးစွဲခဲ့သော ဆိုရိုးစကားဖြင့် တိုင်းတာနည်းယူ ကျင့်သုံးသင့်ပါကြောင်း တင်ပြအပ်ပါသည်။

ယနေ့အစိုးရသစ်နှင့် ယှဉ်တွဲမွေးဖွားခဲ့သည့် MAPCO တွင်လည်း နိုင်ငံတကာ စံနှုန်းများနှင့် အညီ ယုံကြည်မှု၊ ဂုဏ်သိက္ခာတို့ကို အလေးထားတည်ဆောက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

သူရ(IRD)

# MAPCO နှင့် ၁၂.၁၂.၁၂

၂၀၁၂ ခုနှစ်ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် မာယာလူမျိုးတို့၏ ပြက္ခဒိန်ကုန်ဆုံးရက် အရကမ္ဘာကြီးပျက်စီးမည်ဟူသော ကောလဟာလသတင်း ကြားသိရပါ သည်။

၁၂.၁၂.၁၂ နေ့တွင် MAPCO NEWSLETTER ပထမဆုံးထွက်လာသောစာစောင်ကိုထူးထူးခြားခြားရရှိပြီးဖတ်ရ၍ တကယ်ထူးခြားနေမှာ လက်တွေ့ကျတဲ့လုပ်ငန်းတွေအကြောင်း စုံလင်စွာရေးသားထားတာကို တွေ့ရမြင်ရဖတ်ရပါသည်။ ထိုသတင်းစာစောင်တွင် တောင်သူလယ်သမား၊ အစိုးရနှင့်လယ်ယာကဏ္ဍအထူးပြုလုပ်ငန်းရှင်ကြီးများ သုံးဦးပေါင်းစပ် လုပ်ကိုင်မှသာ ပိုမိုအောင်မြင်တိုးတက် လာမည်ဟု နိုင်ငံတော်၏လမ်းညွှန်ချက်အရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ကိုယ်စားလှယ်များ ဖွဲ့စည်းပြီး တောင်သူလယ်သမားအသင်းမှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍရေရှည် တိုးတက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်သောခေတ်မီဆန်စက်ကြီးများ ခေတ်မီသိုလှောင်ရုံကြီးများနှင့် စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်စက်မှုလုပ်ငန်းများကို တည်ထောင်ရင်းနှီးမြှုပ်နှံရန်စီစဉ်ထားမှု၊ နိုင်ငံတကာသို့လေ့လာမှု မှတ်တမ်းများ ဖိတ်ကြားထားမှုနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ မွေးဖွားလာသော MAPCO အများပိုင်ကုမ္ပဏီ၏ရှယ်ယာရောင်းချမှုနှင့်ရှယ်ယာရှင်များအပေါ်ထားရှိသည့် မျှော်မှန်းချက်များကို သိသာထင်ရှားစွာ တွေ့ရှိရပါသည်။


အထူးခြားဆုံးနှင့်အကောင်းမွန်ဆုံးသတင်းတစ်ပုဒ်မှာ မြန်မာနိုင်ငံ၏ရာသီဥတုနှင့်ကိုက်ညီသော အရည်အသွေးစံ သတ်မှတ်ချက်များ စစ်ဆေးပြီး အင်ဒိုနီးရှားနိုင်ငံမှထုတ်လုပ်သော (ယူရီးယား) ဓာတ်မြေဩဇာကို တင်သွင်း၍တောင်သူလယ်သမားများအား ယုံကြည်မှုအပြည့်ဖြင့် ရောင်းချပေးမည့် သတင်းစဉ်ဖြစ်ပါသည်။

၂၀၁၂ ခုနှစ် ရာသီဥတုဖောက်ပြန်မှု ရေကြီးနစ်မြုပ်မှုများသည် တောင်သူလယ်သမားများအတွက် ကြီးမားသောစိန်ခေါ်မှု တစ်ရပ်ဖြစ်လာပါသည်။ ထို့ကြောင့် MAPCO NEWSLETTER မှာပါသော နိုင်ငံတော်၏ လမ်းညွှန်ချက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ရှေ့ဆောင်ဦးရွက်ပြုမှု တောင်သူလယ်သမားအသင်း၏ ကူညီပံ့ပိုးမှုများနှင့် အတူ MAPCO အများပိုင်ကုမ္ပဏီ၏ တောင်သူလယ်သမားများအပေါ်ယုံကြည်မှုတွေကို လက်ကိုင်ပြီး တောင်သူများ၏ဘဝတွေနှင့် ပြန်လည်စိန်ခေါ်နိုင်မည် ဖြစ်ပါသည်။

ကောလဟာလ သတင်းမဟုတ်ဘဲတကယ် လက်တွေ့နားလည်နိုင်အောင် အသိပညာပေးတဲ့ ၁၂.၁၂.၁၂ ထူးခြားတဲ့နေ့မှာ ရခဲ့တဲ့သတင်းစာစောင်လေးကြောင့် တောင်သူလယ်သမားများရဲ့ ကိုယ်စား “ကျေးဇူးတင်ပါသည် MAPCO” ဟုပြောချင်ပါသည်။

(မလဲ့ - MRF)

> အထူးခြားဆုံးနှင့် အကောင်းမွန်ဆုံးသတင်းတစ်ပုဒ်မှာ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီသော အရည်အသွေးစံ သတ်မှတ်ချက်များ စစ်ဆေးပြီး အင်ဒိုနီးရှားနိုင်ငံမှ ထုတ်လုပ်သော (ယူရီးယား) ဓာတ်မြေဩဇာကိုတင်သွင်း၍ တောင်သူလယ်သမားများအား ယုံကြည်မှုအပြည့်ဖြင့် ရောင်းချပေးမည့် သတင်းစဉ်ဖြစ်ပါသည်။



# မြန်မာ နိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာ နိုင်ငံလယ်ယာ စီးပွားရေး အများပိုင် ကော်ပိုရေးရှင်း (MAPCO) နှင့် MAFF တို့၏ လုပ်ငန်းဆိုင်ရာ တွေ့ဆုံညှိနှိုင်းပွဲ



မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌဦးအောင်သန်းဦး၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင် တို့နှင့် အတူ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်များ၊ MAPCO ဒါရိုက်တာအဖွဲ့ဝင်များအား ဂျပန်နိုင်ငံလယ်ယာစိုက်ပျိုးရေး၊သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန (Ministry of Agriculture, Forestry and Fisheries of Japan) လက်အောက်ဌာနခွဲဖြစ်သည့် Agricultural Production Bureau မှ Director Mr. Iwahama Hiroma မှ ဦးဆောင်ပြီး ဂျပန်နိုင်ငံ Mitsui Company မှ တာဝန်ရှိ ပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမ၌ ဂျပန်နိုင်ငံမှ ခေါ်ယူသောဆန်အရောင်းအဝယ် တင်ဒါဝင်ရောက်တင်သွင်းရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ဂျပန်နိုင်ငံသည် နှစ်စဉ်ဆန်တန်ချိန် ခြောက်သိန်းခြောက်သောင်း ကျော်ကို ပြည်ပနိုင်ငံများမှ တင်သွင်းရပြီး မြန်မာနိုင်ငံမှ ဆင်းသွယ်လတ်နှင့် ဧမော်ဘီ (၂) စပါးမျိုးကို ဂျပန်ဈေးကွက်မှ ကြိုက်နှစ်သက်၍ တင်ပို့နိုင်ကြောင်း၊ တင်ဒါအောင်ခဲ့ပါက အရည်အသွေးနှင့်ပတ်သက်၍ ဂျပန်နိုင်ငံမှသတ်မှတ်ထားသောတင်ဒါတင်သွင်းမည့် ဆန်များအနေဖြင့် ဓာတုဆေးများအလွန်အကျွံ မသုံးစွဲထားရန် နှင့် မှိုမတက်စေရန်လိုအပ်ကြောင်းနှင့် ဂျပန်နိုင်ငံ ဆန်တင်ဒါကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလမှာ စတင်မည်ဖြစ်ပါကြောင်း၊ မြန်မာဆန်များကို ကနဦးအဆင့်အဖြစ် Global တင်ဒါစနစ်ဖြင့် တင်သွင်းယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါကြောင်း ၊ အဆင်ပြေပါက SPS တင်ဒါစနစ်ဖြင့် ဆောင်ရွက်ပေးပါမည်ဟု ဆွေးနွေးခဲ့ပါသည်။ SPS တင်ဒါစနစ်သည် Country of Origin သတ်မှတ်ထားသဖြင့် မြန်မာ့ဆန်အနေဖြင့် အခွင့်အရေး ပိုရနိုင်ပါသည်ဟု ပြောကြားခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ဂျပန်နိုင်ငံ Mitsui Company မှ မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာပိုင်းဆိုင်ရာအကူအညီများ၊လယ်ယာထွက်ကုန်များသိုလှောင်ရန် အခြေခံအဆောက်အအုံများတည်ဆောက်ရာ၌ ကူညီပေးနိုင်ပုံများနှင့် MAPCO နှင့်ပူးပေါင်းဆောင်ရွက်နေမှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

(တွယ်တာ)

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

# ပေါင်းဆန်ထုတ်လုပ်မှုကဏ္ဍ တွင် ဦးစားပေးလုပ်ဆောင်လျက်ရှိ

ကိုရီးယားသမ္မတနိုင်ငံ (KOTRA) မှ မြန်မာနိုင်ငံ၏အဆင့်မြင့်ဆန်စက်ကြီးများတည်ဆောက်ပုံ အဆင့်ဆင့်၊ ကြိတ်ခွဲထုတ်လုပ်ပုံ၊ ဆန်စပါးကဏ္ဍကြီးဖွံ့ဖြိုး တိုးတက်မှုအခြေအနေတို့အား လေ့လာရန် ရောက်ရှိလာသည့် (KOTRA) အဖွဲ့ဝင် ကိုယ်စားလှယ်များဖြစ်ကြသော Mr. Park Kang Wook,Mr.Jung Un-ok တို့သည် (၈.၁၂.၂၀၁၂) ရက်နေ့တွင် အမှတ်(၃၂၂)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ဗန်း စက်မှုဇုံတွင် တည်ရှိသော မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ ဗဟိုအလုပ်အမှုဆောင် ဦးသောင်းဝင်း၏ ရွှေဇာခြည်ကုမ္ပဏီလီမိတက်ပိုင် ပေါင်းဆန်စက်ရုံအား သွားရောက် လေ့လာခဲ့ပါသည်။ အဆိုပါစက်ရုံ၏ စက်ရုံမှူး ဦးမြင့်ဦးမှ ပေါင်းဆန်ရရှိလာရန် အတွက် ကြိတ်ခွဲထုတ်လုပ်မှု နည်းပညာ အဆင့်ဆင့်တို့ကို စက်ရုံအတွင်းလိုက်လံရှင်းလင်း





ပြသပေးခဲ့ပါသည်။ ပေါင်းဆန်ထုတ်လုပ်ခြင်းကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်အသင်းနှင့် MAPCO တို့မှ အထူး ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာ နည်းပညာများကိုလေ့လာမှုပြုလုပ်ပြီး၊ အိန္ဒိယနိုင်ငံ Indus Group မှ ပေါင်းဆန်လုံးတီး ထုတ်လုပ်ရေး စက်ရုံ (၁၀) ရုံကို MAPCO မှ မှာယူတင်သွင်းထားပြီးဖြစ်ကြောင်း၊ မကြာမီ မြန်မာနိုင်ငံ၏ ပေါင်းဆန်ထုတ်လုပ်မှုတွင် လစဉ်ပျမ်းမျှ တန်ချိန် (၁၅၀၀၀) - (၂၀၀၀၀) တန် ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

(လှမင်းနိုင်)

# မြန်မာ နိုင်ငံလယ်ယာ စီးပွားရေး အများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ အိုင်ဗရီကို့စ် နိုင်ငံ သို့ ဧည့်မထ ဆန်တန်ချိန် (၂၂၀၀၀) တင်ပို့

မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ ၂၀၁၂ ခုနှစ်ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (MITT) ၌ ဧည့်မထ ဆန်တန်ချိန် (၂၂၀၀၀) အား MV BOSNA ဖြင့် အာဖရိကတိုက်၊ အနောက်အာဖရိကရှိ အိုင်ဗရီကို့စ်နိုင်ငံ သို့ တင်ပို့ခြင်းကို MAPCO Business Operation Department မှ ဝန်ထမ်းများ သွားရောက်လေ့လာ ကြည့်ရှုခဲ့ပါသည်။ MAPCO ၏ပထမဦးဆုံး စီးပွားရေးလုပ်ငန်း ပြည်ပတင်ပို့မှုဖြစ်ပြီး လစဉ်ပုံမှန် ဆန်တင်ပို့ရောင်းချသော ကုန်သွယ်မှုကို ဆန်စပါးကဏ္ဍဖွံ့ဖြိုးစေရေးနှင့် MAPCO ၏အစုရှယ်ယာရှင်များ အကျိုးအမြတ်ရရှိစေရေး တို့အတွက် စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၃ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများတွင် ဆက်တိုက် သင်္ဘောတင် ပြည်ပတင်ပို့ ရောင်းချမှုကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဇာဇာ)

> MAPCO ၏ပထမဦးဆုံးစီးပွားရေးလုပ်ငန်းပြည်ပတင်ပို့မှု ဖြစ်ပြီး လစဉ် ပုံမှန် ဆန်တင်ပို့ရောင်းချသော ကုန်သွယ်မှုကို ဆန်စပါးကဏ္ဍဖွံ့ဖြိုးစေရေးနှင့် MAPCO ၏အစုရှယ်ယာရှင်များအကျိုးအမြတ် ရရှိစေရေး တို့အတွက်စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



## ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး ပြည်ပအတွေ့အကြုံများဖလှယ်ဆွေးနွေး

မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍဖွံ့ဖိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံတကာအဆင့်မီအဆင့်မြင့်ဆန်စက်နည်းပညာ၊ ပေါင်းဆန်ထုတ်လုပ်ရေးနည်းပညာ၊ စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနည်းပညာများနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့သွားရောက်လေ့လာရန် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO)နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် MAPCO မှဒါရိုက်တာအဖွဲ့ဝင် ဦးသောင်းဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မင်းတို့ ဦးဆောင်ပြီး အရာရှိကြီးများ၊ တိုင်းဒေသကြီးများမှ မန်နေဂျာများ၊ အင်ဂျင်နီယာများ၊ နည်းပညာအကြံပေးပုဂ္ဂိုလ်များ အပါအဝင် အဖွဲ့ဝင်(၁၈) ဦးသည် ဒီဇင်ဘာလ ၆ ရက်နေ့ မွန်းလွဲ ၂နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေကျင်းမြို့သို့ ည ၁၀ နာရီခွဲခန့်တွင် ရောက်ရှိပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် China National Technical Import & Export Corporation (CNTIC-WSRDI CONSORTIUM) Chinese Academy of Agricultural Mechanization Sciences (CAAMS)နှင့် China CAMC Engineering Company Limited (CAMCE) တို့ မှ စီစဉ်ဆောင်ရွက်မှုဖြင့် လိုက်လံ ရှင်းလင်းပြသသောစက်ရုံအလုပ်ရုံများကိုလေ့လာခဲ့ကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၀)ရက်ကြာ ခရီးစဉ်အတွင်း Haerbin မြို့ရှိ Oriental Group White Rice Plant သို့ သွားရောက်ကာ စပါးအခြောက်ခံစက်များ၊ ဆန်စက်ကြီးများကိုလည်းကောင်း၊ တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးအဓိက လုပ်ကိုင်သည့် အခြားဒေသများတွင် တည်ရှိသော ဆန်စက်လုပ်ငန်းကြီးများ၊ အခြောက်ခံစက်များ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကိုလည်းကောင်းလေ့လာခဲ့ကြပါသည်။ ဒီဇင်ဘာ၁၁ရက်နေ့တွင် နန်ချင်းမြို့ရှိ COFCO (Jiangxi) Rice Mill နှင့် Jinjia Xin'gan Rice Mill သို့သွားရောက်ကာ ပေါင်းဆန်ထုတ်လုပ်ခြင်းနည်းပညာများနှင့် စပါးခွံမှလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနည်းပညာများကို လေ့လာခဲ့ကြပါသည်။ ဒီဇင်ဘာ ၁၃ ရက်နေ့တွင် Zhang jiagang ရှိ Biomass Energy Power Station သို့လေ့လာခဲ့ကြကာ ခရီးစဉ်အတွင်း သက်ဆိုင်ရာကုမ္ပဏီများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး ဒီဇင်ဘာလ၁၅ရက်နေ့တွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

(ဇော်ရဲထွန်း)

တရုတ်နိုင်ငံ ပေါင်းဆန်စက်များသို့သွားရောက်လေ့လာခြင်း
▼








## မြန်မာ နိုင်ငံလယ်ယာ စီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့် Singapore နိုင်ငံရှိ United Overseas Bank (UOB) တို့ပူးပေါင်း၍ မြန်မာ နိုင်ငံ ရင်းနှီးမြှပ်နှံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့် Singapore နိုင်ငံရှိ United Overseas Bank (UOB) တို့ပူးပေါင်း၍မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ ဘဏ်လုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံမှု၊နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုကဏ္ဍများပိုမို မြင့်တက်လာစေရန်နှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပိုမို အဆင်ပြေလွယ်ကူစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် Park Royal Hotel ၌ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ၌မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတွေ့အကြုံများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများနှင့် နိုင်ငံခြားနှင့်တိုက်ရိုက်ချိတ်ဆက်လုပ်မည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပြည်တွင်း၊ပြည်ပ ပညာရှင်များက စာတမ်းများဖတ်ကြား၍ ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

UOB ဘဏ်၏ အဓိက Customer လုပ်ငန်းရှင်ကြီးများကို ခေါ်ဆောင်လာမည် ဖြစ်ပြီး MAPCO နှင့် MAPCO ၏ မိတ်ဖက်ကုမ္ပဏီများနှင့် Business Matching, Networking အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ပါသည်။

(တွယ်တာ)

MYANMAR
AGRIBUSINESS
PUBLIC
CORPORATION
LIMITED
(MAPCO)

## မြန်မာ နိုင်ငံလယ်ယာ စီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ ဒါရိုက်တာ များနှင့်ဝန်ထမ်း များ ၏ စုပေါင်းမဟာ ဘုံကထိန်ကျင်းပ



ကဆုန်လပြည့်နေ့ကိုဗုဒ္ဓနေ့၊ဝါဆိုလပြည့်နေ့ကို ဓမ္မနေ့နှင့်တန်ဆောင်မုန်း လပြည့်နေ့ကို သံဃာ့နေ့ ဆိုပြီး ရတနာသုံးပါး ရဲ့ဂုဏ် ကျေးဇူးကိုအောက်မေ့ပြီး သံဃာတော်များ အတွက် အလှူပွဲဖြစ်တဲ့ ကထိန်ပွဲများကို ကျင်းပလေ့ရှိကြပါသည်။ ကထိန်ခင်းခြင်းသည် သံဃာ့အဖွဲ့အစည်းကိုရည်ရွယ်ပြီးလှူဒါန်းခြင်းဖြစ်သည့်အတွက်ကထိန်သင်္ကန်းလျာများမှအစ ကျောင်းအသုံးအဆောင်ပစ္စည်းများ၊ သပိတ်များ ဆွမ်းခွက်များ၊ မျက်နှာသုတ်ပဝါ၊ ခြေသုတ်ပဝါ များ၊ ဖိနပ်များ အစ ရှိ သည်များကိုလှူဒါန်းလေ့ရှိကြပါသည်။မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ ဒါရိုက်တာများနှင့်ဝန်ထမ်း များ စုပေါင်း၍ ၂၀၁၂ခုနှစ်၊အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဆိပ်ကြီးခနောင်တို ကျေးရွာရှိ ဆမားဒူးဝါး ကျောင်းကိုလည်းကောင်း၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပန်းပင်ချောင်းကျေးရွာရှိဇေတဝနာရာမ ကျောင်းတိုက်ကိုလည်းကောင်းသွားရောက်၍ ကထိန်သင်္ကန်းလျာများ၊ လှူဖွယ်ပစ္စည်းများနှင့် ကျောင်းဆောက်ရန်အတွက် အလှူငွေများကိုသွားရောက် လှူဒါန်းခဲ့ပြီး ကျောင်းရှိသံဃာတော်များကို နေ့ဆွမ်းဆပ်ကပ်ခဲ့ပါသည်။

(ဇာဇာ)

## မြန်မာဆန်စက်နှင့် လယ်ယာသုံး တန်ဖိုးမြင့် စက်ကိရိယာပြပွဲ (၂၀၁၃) အတွက် ပြပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှဦးဆောင်၍မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် သက်ဆိုင်ရာအသင်းအဖွဲ့များပူးပေါင်းပါဝင်ပြီး မြန်မာဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ (၂၀၁၃) အား ပထမအကြိမ် အဖြစ် ရန်ကုန်မြို့ (MCC) ခန်းမတွင် ၂၀၁၃ ခုနှစ်၊ မတ်လ (၂) ရက်နေ့မှ (၅) ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည် ဖြစ်ပါသည်။ ပြပွဲတွင် စာတမ်းဖတ်ပွဲများ၊ ကျွမ်းကျင်စွာ အသုံးချနိုင်မှု အတွက်လေ့ကျင့် ပညာပေးမှုအစီအစဉ်များ၊ ပြုပြင်ထိန်းသိမ်းမှု ဆိုင်ရာ သင်တန်းများကို သရုပ်ဖော်ပြသသွားမည် ဖြစ်ပါသည်။

အဆိုပါပြပွဲကျင်းပရေးအတွက် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ အဓိကပံ့ပိုးသူ (Main Sponsor) နှင့် အဓိကစည်းရုံးဆောင်ရွက်သူ (Main Organizer) အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာဆန်စက်နှင့် လယ်ယာသုံး တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ (၂၀၁၃) အတွက် ပြပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေး၌မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်း မှအတွင်းရေးမှူး ဦးသောင်းဝင်း၊ UMFCCI ဗဟိုအလုပ်အမှုဆောင် ဦးအောင်စိုးသာ၊ ဦးမျိုးသန့်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိဝန်ထမ်းများ၊ နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေး၌စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီးနောက် (MAPCO) မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင် မှပြပွဲအတွက်လုပ်ငန်းဆောင်ရွက်ထားသည်များနှင့် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ပြပွဲတွင် ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ဗီယက်နမ်၊ အိန္ဒိယ၊ တရုတ်၊ ထိုင် ဝမ် နှင့် ထိုင်း နိုင်ငံ အစရှိသည့် နိုင်ငံအသီးသီးရှိ ထိပ်တန်းစက်မှု လယ်ယာ ကုမ္ပဏီကြီးများမှ မြန်မာနိုင်ငံနှင့် အသင့်တော်ဆုံး ဆန်စက်နှင့် လယ်ယာလုပ်ငန်းခွင်သုံး စက်ပစ္စည်းများကို

ပြသသွားမည်ဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန မှမြန်မာဆန်စက်နှင့် လယ်ယာသုံး တန်ဘိုးမြှင့် စက်ကိရိယာပြပွဲ (၂၀၁၃) စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက်လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ယင်းနောက် ပြပွဲတွင်တာဝန်ယူထားသော Sub-committees အသီးသီးမှ ဆောင်ရွက်ထားသည်များကိုပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(တွယ်တာ)

## အချိန်အခါမဟုတ်မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသော စပါးစိုက်ခင်းများသို့ တောင်သူလယ်သမားအသင်း ဥက္ကဌ ဒေါက်တာ စိုးထွန်း သွားရောက်ကြည့်ရှုအားပေး



▲ ဒေးဒရဲမြို့နယ်ရှိ တောင်သူလယ်သမားများနှင့် တောင်သူလယ်သမားအသင်း ဥက္ကဌဒေါက်တာစိုးထွန်း သွားရောက်တွေ့ဆုံအားပေး

အချိန်အခါမဟုတ်မိုးရွာသွန်းမှုကြောင့် စပါးစိုက်ကွင်းများတွင် စပါး များ ပျက်စီးသွားမှုအခြေအနေ နှင့် ပက်သက်၍ မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်း ဥက္ကဌဒေါက်တာစိုးထွန်းနှင့် အဖွဲ့ဝင်များသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်ရှိ စပါးစိုက်ခင်းများသို့ သွားရောက်လေ့လာခဲ့ပါသည်။ ထို့နောက်ဒေသခံ တောင်သူများနှင့် တွေ့ဆုံပြီးပျက်စီးသွားသော စပါးခင်းများနှင့်ပတ်သက်၍ မိမိတို့ဖက်မှ တတ်နိုင်သရွေ့ ဝိုင်းဝန်းပံ့ပိုးကူညီပေးသွားမည် ဖြစ်ပါကြောင်းနှင့် လယ်မြေများရေကြီးနစ်မြုပ်ခြင်းခံရသည့် တောင်သူလယ်သမားများအတွက် လတ်တလော လိုအပ်လျက်ရှိသော လယ်ယာသုံးကိရိယာများဖြစ်သည့် ချွေလှေ့စက်များ၊အခြောက်ခံစက်များ၊မိုးကာများဝယ်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) တို့မှ ပူးပေါင်း၍ထောက်ပံ့အကူအညီပေးအပ်ခဲ့ပါသည်။ ၎င်းအပြင် ပေါ်ဆန်းစပါးများ ရောင်းချရန်အခက်အခဲရှိနေသော တောင်သူများအတွက် စပါးပြန်လည်ရောင်းချရာ၌ လွယ်ကူချောမွေ့စေရန် မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းနှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) တို့မှပူးပေါင်း၍ဝယ်ယူပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(လွင်လွင်အောင်)

## ထိုင်းနိုင်ငံ မှ လစဉ် မြန်မာနိုင်ငံမှ ဆန်ကွဲ တန်ချိန် ၂၅၀ ဝယ်ယူရေး လာရောက်ဆွေးနွေး

ထိုင်းနိုင်ငံ Poly Resources (Thailand) Co.,Ltd မှ Mr. David Y J Cho ဦးဆောင်သော(၃)ဦးပါကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၂ ဒီဇင်ဘာ လ ၂၄ ရက်နေ့၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) တွင် မြန်မာနိုင်ငံမှ ၁၀၀% ဆန်ကွဲ တန်ချိန် ၂၅၀ လစဉ် စမ်းသပ်ဝယ်ယူရေးနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ MRF မှ ဗဟိုအလုပ်မှုဆောင်ဦးအာယုခေါင်းဆောင်ပြီး တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးရာတွင် မြန်မာနိုင်ငံမှ ၁၀၀% ဆန်ကွဲ တန်ချိန် ၂၅၀ ကိုဝယ်ယူပြီး အာဖရိကနိုင်ငံများသို့ပေးပို့လှူဒါန်းရန်အတွက် မြန်မာနိုင်ငံဆန်စပါး အထူးပြုကုမ္ပဏီများထံမှ ဝယ်ယူရရှိနိုင်မည့် အခြေအနေ၊ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘောတင်ပို့ရာတွင် လိုအပ်မှုများ ဆန်ကွဲတွင် ပိုးမကျစေရန် Fumigation မည်ကဲ့သို့ဆောင်ရွက်ပုံ ဆန်ကွဲများကို 5Kg , 10Kg packing များပြုလုပ်ပြီးတင်ပို့မည်ဖြစ်၍ Packing နှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းရပ်များကို ဆွေးနွေးခဲ့ကြပြီးနောက် လှိုင်သာယာမြို့ရှိ ဧရာဟံသာကုမ္ပဏီ ဆန်စက် နှင့် Gold Delta ဆန်စက်များကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။

(ဇာဇာ)

## Singapore နိုင်ငံရှိ United Overseas Bank (UOB) နှင့် The Event Age Pte Ltd မှ သီလဝါဆိပ်ကမ်းရှိ MITT PORT အား ကြည့်ရှုလေ့လာပြီး ပို့ကုန်/ သွင်းကုန်လုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်မှုအားလေ့လာခြင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့် ပူးပေါင်းဆောင်ရွက်နေသော အဖွဲ့အစည်းများဖြစ်သည့် Singapore နိုင်ငံရှိ United Overseas Bank (UOB) နှင့် The Event Age Pte Ltd မှ Vice Presidents နှင့် Directors များသည် ရန်ကုန်မြို့သို့ရောက်ရှိစဉ်အတွင်း သီလဝါဆိပ်ကမ်းရှိ MITT PORT အားကြည့်ရှုလေ့လာကြရာ MAPCO မှ Manager ဦးမြင့်မောင်နှင့် တာဝန်ရှိသူများလိုက်လံပို့ဆောင် ပြသခဲ့ပါသည်။ UOB အနေဖြင့်၎င်း၏ Customer များအား MAPCO နှင့် ကုန်သွယ်မှုလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရေး အားပေးကူညီလျက်ရှိပြီး ပို့ကုန် / သွင်းကုန်လုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဘဏ္ဍာရေးဆိုင်ရာ ကူညီသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

(ဇော်ရဲထွန်း)

## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့် MITSUI Co., Ltd (Japan) တို့ လုပ်ငန်းများ အမြန်ဆုံး စတင်နိုင်ရန် ညှိနှိုင်းအစည်းအဝေး

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO)နှင့် MITSUI Co., Ltd (Japan) တို့၏တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် MAPCO မှ အုပ်ချုပ်မှုဒါရိုက်တာဦးရဲမင်းအောင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ နှင့် MITSUI Co., Ltd မှ GM Mr.Asano,Executive Chief Representative Mr. Masanari Nagai နှင့်အဖွဲ့ဝင်များတက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် MAPCO မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင် အဖွင့်အမှာစကား ပြောကြားပြီးနောက် MITSUI အဖွဲ့ဝင်များ တရုတ်နိုင်ငံ ခရီးစဉ်တွင် လိုက်ပါ၍ Integrated Rice Complex Project (IRCP) အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သော MITSUI Co., Ltd (Japan) ကို ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ MITSUI မှ လည်း မြန်မာနိုင်ငံကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများတွင်ပါဝင်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင်နှစ်ဖက်နားလည်မှုစာချွန်လွှာရေးထိုးထားသော IRCP အတွက် စီမံဆောင်ရွက်ရန်ကိစ္စများနှင့် ဈေးနှုန်းညှိနှိုင်းရန် ကိစ္စများကို MAPCO မှ ဆွေးနွေးခဲ့ပြီး MITSUI မှ Project အတွက်ရင်းနှီးမြှုပ်မှုဆိုင်ရာ ကိစ္စများ၊ ဘဏ်နှင့်ချိတ်ဆက်လုပ်ဆောင်မည့် ကိစ္စရပ်များနှင့် Project Coordination နှင့် action plan များကို ဆွေးနွေးခဲ့ပါသည်။ ယင်းနောက် လုပ်ငန်းများကို လုပ်ဆောင်ရာတွင် MAPCO မှ ပြည်တွင်းဈေးကွက်ကို ကိုင်တွယ်လုပ်ဆောင်မည်ဖြစ်ပြီး MITSUI မှ နိုင်ငံတကာဈေးကွက်ကို ဦးတည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားပြီး နှစ်ဦးနှစ်ဖက်ကုန်သွယ်မှုကိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ MoU အဆင့်မှ စာချုပ်ချုပ်ဆိုသည့်အဆင့်ကိုအမြန်ဆုံးရောက်ရှိပြီး အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ပါသည်။

> MITSUI မှ လည်းမြန်မာနိုင်ငံကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်ရင်းနှီးမြှုပ်နှံမှုများတွင် ပါဝင်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။



မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့် MITSUI Co., Ltd (Japan) တို့ ပုံမှန်တွေ့ဆုံဆွေးနွေးခြင်း

# မြန်မာ နိုင်ငံလယ်ယာ စီးပွားရေး အများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ Logistics and Transportation လုပ်ငန်းများ ဆောင်ရွက်ရန် KAMIGUMI Company (Japan) နှင့် MoU ရေးထိုး



MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ KAMIGUMI Company (Japan) အဖွဲ့အား လယ်ယာထွက်ကုန်သီးနှံများကိုသိုလှောင်နိုင်ရေး၊ Logistics and Transportation လုပ်ငန်းများ ဆောင်ရွက်ရေးနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင် ပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင် နှင့်အတူ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြပါသည်။ ဆွေးနွေးရာ၌ ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ပတ်သက်ပြီး KAMIGUMI Company နှင့် (MAPCO) တို့ ပူးပေါင်းဆက်သွယ်ရေး၊ နည်းပညာပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးအတွက် ဆွေးနွေးခဲ့ပြီး Logistics and Transportation လုပ်ငန်းများကို စီးပွားဖြစ် ပူးပေါင်းဆောင်ရွက်ရန် နှစ်ဦးသဘောတူနားလည်မှု စာချွန်လွှာ Memorandum of Understanding (MoU) ရေးထိုးခဲ့ပါသည်။

## မြန်မာ နိုင်ငံလယ်ယာ စီးပွားရေးအများပိုင် ကော်ပိုရေးရှင်း (MAPCO) မှ Integrated Rice Complex Project (IRCP) တည်ဆောက်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများ

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်း (MAPCO) ၏ပေါင်းဆန်စက်ကြီးများ၊ စပါး Silo များ၊ အခြောက်ခံစက်များ၊ သိုလှောင်ရုံများ အစရှိသော Integrated Rice Complex Project (IRCP) တည်ဆောက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဈေးနှုန်း ခေါ်ယူခြင်းကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ The New Light of Myanmar တွင် ထည့်သွင်းကြေညာခဲ့ပါသည်။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သော ကုမ္ပဏီကြီး (၁၁) ခု မှာ အိန္ဒိယနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဂျာမနီနိုင်ငံ နှင့် တရုတ်နိုင်ငံ တို့မှဖြစ်ကြပြီး အဆိုပါ Integrated Rice Complex Project (IRCP) တည်ဆောက်ရန်အတွက် International Observation Program အဖြစ် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံသို့လည်းကောင်း သွားရောက်လေ့လာခဲ့ပါသည်။

ဆန်နှင့် ဆန်ထွက်ပစ္စည်းများအား တန်ဖိုးမြင့်ကုန်စည်အဖြစ်ထုတ်လုပ်သည့် စက်ရုံဝင်းကြီးတစ်ခုအတွင်း ပေါင်းဆန်ထုတ်လုပ်မည့် စက်ရုံများ၊ ဆန်ဖြူကြိတ်ခွဲမည့် စက်ရုံများ၊ ဖွဲနုဆီ




စက်ရုံ၊ ဆန်ကြာဇံ စက်ရုံ စသည့်တန်ဖိုးမြှင့် ကုန်စည်ထုတ်လုပ်မည့် စက်ရုံပေါင်း များစွာပါဝင်သော Integrated Rice Complex Project (IRCP) (၄) ခု ကို ပထမဦးစွာ တည်ဆောက်သွားမည်ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းကို မြန်မာနိုင်ငံ ၏ အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ကုန်သွယ်မှု အလားအလာကောင်းသော နေရာ (၁၅) နေရာခန့်ကို ရွေးချယ်တည်ဆောက် သွားမည်ဖြစ်ပါသည်။ ပထမဦးစွာတည်ဆောက်မည့် နေရာများမှာ နေပြည်တော်တွင် အလျင်လိုကျေးရွာနှင့် မဲဇလီကုန်းကျေးရွာအနီး၊ ရန်ကုန်တိုင်းဒေသကြီးတွင် တွံတေးတူးမြောင်းဝဲယာ နှင့် ဒဂုံဆိပ်ကမ်း အထူးစီမံကိန်းဇုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဖျာပုံ မြစ်သုံးခွဆိုင်ဝန်းကျင် နှင့် ကျိုက်လတ်၊ ပဲခူးတိုင်း ဒေသကြီးတွင် အုတ်ဖို နှင့် ကြို့ပင်ကောက်ကြား စသည့်နေရာများကို လေ့လာမှုပြုလုပ်ပြီး တည်ဆောက်ရန် လျာထားလျက်ရှိပါသည်။

Integrated Rice Complex Project သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသောစီမံကိန်းကြီး ဖြစ်သည့်အလျောက် MAPCO အတွက် အဓိကစီမံကိန်းလည်းဖြစ်ပါသည်။ စက်ရုံတစ်ရုံလျှင် စက်တပ်ဆင်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း (၄၀) ခန့် ကုန်ကျမည်ဖြစ်ပြီး စက်ရုံ (၅) ခုအတွက် အမေရိကန်ဒေါ်လာ သန်း (၂၀၀) ခန့် ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းကို MAPCO မှ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး၊ Japan နိုင်ငံမှ Mitsui Co နှင့်ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းအတွက် လိုအပ်သည့်စက်ပစ္စည်းကိရိယာများကို တင်သွင်းရန် MAPCO မှ တင်ဒါအောင်သော ကုမ္ပဏီများနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

(သိန်းကိုကို)

> Integrated Rice Complex Project သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော စီမံကိန်းကြီး ဖြစ်သည့်အလျောက် MAPCO အတွက် အဓိကစီမံကိန်းလည်း ဖြစ်ပါသည်။



# နိုင်ငံတော် အရန်ဆန် ဝယ်ယူရေး ညှိနှိုင်းအစည်းအဝေး







▲ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်မှ အမှာစကားပြောကြားခြင်း

▲ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မှ အမှာစကားပြောကြားခြင်း

▲ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဌေး မှ အမှာစကားပြောကြားခြင်း

▲ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင် နှင့် ဒါရိုက်တာအဖွဲ့ဝင်များတက်ရောက်

မြန်မာနိုင်ငံသည် ဆန်စပါးတင်ပို့သည် နိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီး နိုင်ငံတော်စီးပွားရေးတိုးတက်အောင်လုပ်ဆောင်ရာတွင် ဆန်စပါးကဏ္ဍသည် အဓိက ကဏ္ဍကြီးတစ်ခုအဖြစ် ရည်ရွယ်ထားရှိပါသည်။ နိုင်ငံတော်၏အရန်ဆန်သည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကို ထိန်းသိမ်းထားနိုင်ရန်နှင့် ပြည်တွင်းဆန်စပါးဈေးတည်ငြိမ်မှုအတွက် ကောင်းစွာ ထိရောက်နိုင်ပြီး ဆန်စပါးတင်ပို့မှု တိုးမြှင့်နိုင်ရန် ကောင်းစွာ အထောက်အကူပြုပါသည်။ ထို့ကြောင့် နိုင်ငံတော်အရန်ဆန် ဝယ်ယူရေးညှိနှိုင်း အစည်းအဝေးကို ၂၀၁၃ ခုနှစ် ၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် နေပြည်တော် ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တို့မှ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်မှ အရန်ဆန်ဝယ်ယူရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ပါသည်။ စပါးပေါ်ချိန် စပါးဈေး ကျဆင်းနေခြင်းကြောင့် တောင်သူ လယ်သမားများ အခက်အခဲ ကြုံတွေ့နေရခြင်းကို နည်းလမ်း (၇) သွယ်ဖြင့် စနစ်တကျ စီမံချက်ရေးဆွဲ ဆောင်ရွက်ရန် အဆိုပြု တင်ပြခဲ့ပါသည်။စပါးပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းတတ်ခြင်းမှာ စိုက်ပျိုးရေးနိုင်ငံတိုင်းကြုံတွေ့နေရသည့် Seasonality Issue ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် စပါးပေါ်ချိန်တိုင်း၌ ကြုံတွေ့လာနိုင်ရသဖြင့် အောက်ဖော်ပြပါ နည်းလမ်း (၇) သွယ်ဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်သင့်ကြောင်း အကြံပြု ဆွေးနွေးခဲ့ပါသည်။

“ စပါးပေါ်ချိန် စပါးဈေး ကျဆင်းနေခြင်းကြောင့်တောင်သူလယ်သမားများ အခက်အခဲကြုံတွေ့နေရခြင်းကို နည်းလမ်း (၇) သွယ်ဖြင့် စနစ်တကျ စီမံချက်ရေးဆွဲ ဆောင်ရွက်ရန် အဆိုပြုတင်ပြခဲ့ပါသည်။ ”

## စီမံချက်ရေးဆွဲဆောင်ရွက်သင့်သော နည်းလမ်း (၇) သွယ်

(၁) နိုင်ငံတော်အရန်ဆန် တန်ချိန် (၁၀၀၀၀၀) ကို ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် ဝယ်ယူခြင်း

(၂) ဆန်စပါးအထူးပြုကုမ္ပဏီများ/ဆန်စက်ပိုင်များအား စပါးဝယ်ယူရေးအတွက် သက်သာသော အတိုးနှုန်းဖြင့် ငွေထုတ်ချေးခြင်း

(၃) ဧရာဝတီတိုင်း၊ ပဲခူးတိုင်းတို့တွင် ရှေ့ပြေးစီမံချက်အနေဖြင့် တစ်မြို့နယ်လျှင် ဆန်စပါးကန်ထရိုက်လယ်ယာစနစ် ဧက (၁၀၀၀၀) အနည်းဆုံး စတင်ဆောင်ရွက်နိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများအား စပါးဈေးနှုန်း သတ်မှတ်ပြီး ကြိုတင်ဝယ်ယူမှုကို အခြေခံသော Forward Sale Contract Farming စနစ်မျိုးဆောင်ရွက်ရန် အတွက် Private-Public Partnership အစီအစဉ်ဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်ရန်

(၄) G to G အရောင်းစနစ်ကို ပိုမိုတွန်းအားပေး ဆောင်ရွက်ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လ (၅) လတွင် အနည်းဆုံး လစဉ် ပျမ်းမျှ တန် (၁) သိန်းခန့် ပြည်ပတင်ပို့နိုင်ရေးစီစဉ်ဆောင်ရွက်ရန်

(၅) ဈေးမရခြင်း၊ ဈေးကျနေခြင်းမှာ အရည်အသွေးညံ့သော စပါးများကြောင့် ဖြစ်နေသဖြင့် စပါးအရည်အသွေး ကောင်းလာစေရန်အတွက် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးစသော Seed Market ပေါ်လာစေရန်အတွက် နိုင်ငံတော်မှ ငွေကြေး စိုက်ထုတ်ဆောင်ရွက်ရန်

(၆) စပါးအရည်အသွေးသည် လေ့ကျင့်ပညာပေးခြင်း၊ သင်ကြားပေးခြင်းစသော Training & Education လုပ်ငန်းစဉ်များ၊ R&D လုပ်ငန်းစဉ်များနှင့် ဆက်စပ်နေသောကြောင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများ တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဘွဲ့ရကျောင်းဆင်း များအား တိုးချဲ့ခန့်အပ်ပြီး Extension လုပ်ငန်းများ ကို ပိုမိုတိုးချဲ့ဆောင်ရွက်ရန်

(၇) ပြည်ပတင်ပို့သော Exporter များအနေဖြင့် ပြည်ပတင်ပို့ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် LC ငွေလွှဲစာတမ်းကို အာမခံအဖြစ်ထား၍ ချေးငွေရရှိရေးဖြစ်သည့် LC Based Financing ကို နိုင်ငံ တကာတွင် ဆောင်ရွက်နေသည့်အတိုင်း ဆောင်ရွက်နိုင်ရေး အတွက် စီစဉ်ပေးရန် စသည်ဖြင့် တင်ပြဆွေးနွေးခဲ့ပါသည်။

# ၂၀၁၂ ခုနှစ် မြန်မာ့ဆန်စပါးလောကသမိုင်းမှတ်တမ်းများ

| | |
|---|---|
| ၁။ ၄.၂.၂၀၁၂ ခုနှစ် | - မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အကြံပြုချက်အရ နိုင်ငံတော်အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီသည် တောင်သူများ၏ စပါးပေါ်ချိန်ဖြစ်သော နွေစပါး၊မိုးစပါးများကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်)တို့တွင် စပါးတင်း (၃၄၃၇၂၃၈.၃၇) တင်းကို ဝယ်ယူပေးခဲ့ပါသည်။<br>- နိုင်ငံတော်အရန်ဆန်ဝယ်ယူရာတွင် နိုင်ငံတော်အစိုးရမှ (၁၀)ဘီလီယံ၊ ဗဟိုသမ အသင်းမှ (၁) ဘီလီယံနှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ (၃.၅၃)ဘီလီယံကို အများပိုင်ကုမ္ပဏီဖွဲ့စည်း ထည့်ဝင်သည့်ငွေဖြင့်ဆောင်ရွက်ခဲ့ပါသည်။ |
| ၂။ ၁၁.၂.၂၀၁၂ ခုနှစ် | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် အင်ဒိုနီးရှားနိုင်ငံ Bulog ကုမ္ပဏီတို့ သဘောတူညီ ချက်အရမြန်မာနိုင်ငံမှ ဆန်(၅%)ဆန်တန်ချိန်(၅၀၀၀)ကို ဝယ်ယူရန် MOU လက်မှတ် ရေးထိုးပြီး ဆန်တန်ချိန်(၄၈၉၄.၆၈၇) ကိုပေးပို့ခဲ့ပါသည်။ |
| ၃။ ၅.၄.၂၀၁၂ ခုနှစ် | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် စီးပွားရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ရန်အတွက် အများပိုင်ကုမ္ပဏီ( MAPCO) ကို ၂၀၁၂ ခုနှစ်၊ ဧပြီလ(၅)ရက်နေ့တွင် ကနဦးအစုရှယ်ယာရှင်(၇၃) ဦးဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ |
| ၄။ ၁၄.၇.၂၀၁၂ ခုနှစ် | အသင်း၏(ပထမအကြိမ်)မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်နှင့် (၁၅)ရက်နေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။ |
| ၅။ ၁၅.၇.၂၀၁၂ ခုနှစ် | အသင်းသားစုံညီနှစ်ပတ်လည်အခမ်းအနားနှင့်အတူ လယ်တောသူအလှမယ်ရွေးချယ်ပွဲ (Miss Farmer) ပြိုင်ပွဲကို အများနှင့်မတူတမူထူးခြားစွာဖြင့် ပြိုင်ပွဲဝင်အလှမယ်များ သည် လယ်တောသူအဝတ်အစား၊ လယ်ယာသုံးကိရိယာများကို အသုံးပြု၍ ယှဉ်ပြိုင်သည့်ပြိုင်ပွဲကိုကျင်းပခဲ့ပါသည်။ |
| ၆။ ၂၆.၇.၂၀၁၂ ခုနှစ် | မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်( MAPCO )ကုမ္ပဏီ ဖွင့်ပွဲနှင့် အစုရှယ်ယာ လက်မှတ်များ စတင်ရောင်းချပွဲ အခမ်းအနားကို ရန်ကုန်မြို့ရှိ Strand Hotel တွင်ကျင်းပခဲ့ပါသည်။ |
| ၇။ ၁၀.၁၀.၂၀၁၂ ခုနှစ် မှ ၁၁.၁၀.၂၀၁၂ အထိ | (MAPCO) ကုမ္ပဏီအနေဖြင့် တောင်သူလယ်သမားများ၏အကျိုးစီးပွား ကိုရှေးရှုသောအားဖြင့် လယ်ယာ သုံးလုပ်ငန်းပစ္စည်းများကို ပြသရောင်းချသည့် Farm Mechanization Show ကို MCC ခန်းမ၌ (၂)ရက်တိုင်တိုင်ကျင်းပပေးခဲ့ပါသည်။ |
| ၈။ ၁.၁၁.၂၀၁၂ ခုနှစ် မှ ၈.၁၁.၂၀၁၂ အထိ | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စီစဉ်မှုဖြင့် အိန္ဒိယနိုင်ငံသို့ ဆန်စပါးနှင့် လယ်ယာကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲသိုလှောင်ပြုပြင်မှု၊တန်ဖိုး မြှင့်တင်မှု၊ ကုန်သွယ်ရောင်းဝယ်မှု၊ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးကိစ္စ များကိုလေ့လာရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး ပဲခူးတိုင်းဒေသကြီးတို့မှ တိုင်းဝန်ကြီးများဦးစီး၍ လေ့လာရေးအဖွဲ့ဝင် (၂၈) ဦး ပါဝင်သောအဖွဲ့ဖြင့်သွားရောက်လေ့လာခဲ့ပါသည်။ |
| ၉။ ၆.၁၂.၂၀၁၂ ခုနှစ် မှ ၁၅.၁၂.၂၀၁၂ အထိ | တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်း ဆန်စပါးနှင့်လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှု အခြေခံနည်းပညာဖွံ့ဖြိုးရေး၊ ကုန်သွယ်ရောင်းဝယ်မှု အနေအထားများလေ့လာရန် အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးစီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစီး သည့် အဖွဲ့ဝင်(၁၈)ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် သွားရောက် လေ့လာခဲ့ပါသည်။ |

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ၂၀၁၀ ခုနှစ်မှစတင်ပေါ်ပေါက်လာသော်လည်း နိုင်ငံတော်အတွက် အရေးပါသော အရန်ဆန်များကို ဝယ်ယူသိုလှောင်ရောင်းချပေးခြင်းကဏ္ဍကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးထွန်ယက်မှုတွင် အရေးပါသော စက်ကရိယာပစ္စည်းများကို အရစ်ကျရောင်းချ ပေးသည့်စနစ်ကို အကောင်အထည်ဖော်ပေးခြင်း၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန်ရည်ရွယ်၍ အိန္ဒိယနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လေ့လာရေးခရီးစဉ်များ စေလွှတ်၍ ခေတ်မီအဆင့်မြင့် ဆန်စက်များ၊ ပေါင်းဆန်စက်ရုံများ၊ ဖွဲနုဆီစက်နှင့် ပဲပုပ်ဆီထုတ်စက်ရုံများ၊ ဇီဝစွန့်ပစ်ပစ္စည်းအသုံးပြုသည့်လျှပ်စစ်ဓါတ်အားထုတ် စက်ရုံများကို သွားရောက်လေ့လာခဲ့ကြပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် တိုတောင်းလှသောကာလ အတွင်း နိုင်ငံ၏ အရေးပါသော အခန်းကဏ္ဍများကို တစ်တပ်တစ်အား ဆောင်ရွက်ခဲ့သည့် ၂၀၁၂ ခုနှစ် ဆန်စပါး လောက၏ သမိုင်းမှတ်တမ်းပင်ဖြစ်ပါသည်။

(ထွန်းလင်းတင့်)

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

# AGRIBUSINESS SERVICES CENTER

Myanmar Agribusiness Public Corporation (MAPCO) အနေဖြင့် မြို့နယ်အဆင့်တွင် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ Private-Public Partnership အစီစဉ်ဖြင့် ဒေသအခြေပြု လယ်ယာစီးပွားရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းဌာန (Agribusiness Services Center) တည်ထောင်ရင်းနှီးမြုပ်နှံဆောင်ရွက် သွားမည်ဖြစ်ပါသည်။ အဆိုပါ Agribusiness Services Center ASC တွင် အောက်ပါ ဝန်ဆောင်မှု လုပ်ငန်း များကို ဆောင်ရွက်ပါမည်-

(၁) လက်တွန်းထွန်စက်၊ ထွန်စက်ကြီးများဖြင့် စက်မှုလယ်ယာ အငှားလိုက် ဝန်ဆောင်မှုလုပ်ငန်း
(၂) ရိတ်သိမ်းခြွေလှေ့စက်၊ ခြွေလှေ့စက်များ အငှားလိုက်ဝန်ဆောင်မှု လုပ်ငန်း
(၃) စပါးအခြောက်ခံစက် ဖြင့် နဝလီ အခြောက်ခံပေးခြင်း လုပ်ငန်း
(၄) သိုလှောင်ရုံနှင့် သိုလှောင်ထားရှိနိုင်မှု ဝန်ဆောင်မှုလုပ်ငန်း
(၅) မျိုးစေ့ သန့်စင်ခြင်း၊ မျိုးစေ့ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း
(၆) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓါတ်မြေဩဇာနှင့် ဆေးဝါးများ ဖြန့်ဖြူးခြင်းလုပ်ငန်း
(၇) လယ်ယာထွက်ကုန်သီးနှံများကို စုပေါင်းညှိနှိုင်း ရောင်းချ နိုင်ရေး ဝန်ဆောင်မှုလုပ်ငန်း
(၈) နည်းပညာနှင့် လေ့ကျင့်ပညာပေး သင်တန်းများ ဝန်ဆောင်မှုလုပ်ငန်း

အထက်ဖော်ပြပါ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်း ဒေသကြီးတွင် ရှေ့ပြေးစမ်းသပ် စီမံချက်ဖြင့် ရေကြည်မြို့နယ်၊ ဖျာပုံမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဇလွန်မြို့နယ် ပါဝင်သော မြို့နယ် (၄)မြို့နယ်၊ ပဲခူးတိုင်း ဒေသကြီး(အရှေ့)တွင် ကဝမြို့နယ်၊ ပဲခူးတိုင်း ဒေသကြီး (အနောက်) တွင် ပေါင်းတည်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တွင် ကော့မှူးမြို့နယ်၊ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ တွင် မယ်ဇလီကုန်း ကျေးရွာ၊ စုစုပေါင်းနေရာ (၁၀) နေရာ ရွေးချယ် ဆောင်ရွက် သွားရန် လျာထားပါသည်။






NEW HOLLAND AGRICULTURE

Kubota






MAPCO
MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

Room No.(0303) , Sakura Tower, Bogyoke Aung San Road, Yangon, Myanmar
Contact No: 01-255 083, 255 084, 255 085, 255 087 Fax: 01-255 083
Email: info@mapco.com.mm Website: www.mapco.com.mm

## မြန်မာ နိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ အသင်းမှတ်ပုံတင် ဖွဲ့စည်းရှင်သန်ခြင်း နှင့် မင်္ဂလာ နှစ်သစ် ပရိတ်တရားတော် နာ ယူပွဲ အခမ်းအနားကျင်းပ



ပြည်တွင်းရှိဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများကို ဗဟိုပြု၍ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း (Myanmar Paddy Producers Association (MPPA) ဖွဲ့စည်းခြင်းနှင့် အသင်းမှတ်ပုံတင်ဖွဲ့စည်းရှင်သန်ခြင်း အထိမ်းအမှတ် အခမ်းအနားကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၊ နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ (၄)လွှာ၌ ကျင်းပခဲ့ပါသည်။



အခမ်းအနားကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်းများအသင်းချုပ် (UMFCCI) မှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြပါသည်။ အခမ်းအနားသို့ (UMFCCI) မှ ဥက္ကဋ္ဌ၊ဒု - ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အတွင်းရေးမှူးဖြစ်သူ ဦးမျိုးသူရအေး၊ စာရင်းစစ် ဦးအာယုနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌဦးတင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆန်ကုန်သည်များအသင်းမှ ဗဟိုအလုပ်အမှုဆောင်များ နှင့် အခြားအသင်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအသင်းကို မြန်မာနိုင်ငံတော်အတွင်း ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးနှင့် နိုင်ငံတော်နှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးနိုင်ရန်စသည့် ရည်ရွယ်ချက် ၁၂ ရပ် ဖြင့် ၂၀၀၅ ခုနှစ်မှစတင်၍ မှတ်ပုံတင်လျှောက်ထားခဲ့ရာ ၂၀၁၂ခုနှစ်၊ဒီဇင်ဘာလ ၆ ရက် တွင် မှတ်ပုံတင်ခွင့်ပြုချက်ရရှိခြင်းဖြစ်၍ ဆန်စပါး စိုက်ပျိုးထုတ်လုပ်ခြင်းကို အခြေခံ၍နိုင်ငံတော်နှင့် ပြည်သူများ အကျိုးအတွက်ပိုမိုဆောင်ရွက်သွားနိုင်တော့မည် ဖြစ်ကြောင်းကို အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်မှ ပြောကြားခဲ့ပါသည်။

(ထက်ထက်စိမ်း - MRF)

MAPCO
MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED (MAPCO)

# MAPCO ကုမ္ပဏီခွဲများ

| | |
|---|---|
| MAPCO Overseas Pte Ltd | MAPCO Overseas Pte Ltd အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ ဆက်သွယ်ညှိနှိုင်းရေးနှင့် ဘဏ္ဍာရေးကိစ္စများဆောင်ရွက်နိုင်ရန် စင်္ကာပူနိုင်ငံတွင် ထူထောင်ထားပါသည်။ |
| MAPCO Agri-Trade | ၂။ MAPCO Agri-Trade လယ်ယာထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရောင်းဝယ်နိုင်ရန် ထူထောင်ပါသည်။ |
| MAPCO Capital | ၃။ MAPCO Capital အစုရှယ်ယာအရောင်းအဝယ်ကိစ္စရပ်များ၊ ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှု စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်ထူထောင်ပါသည်။ |
| MAPCO Engineering & Contracting | ၄။ MAPCO Engineering & Contracting စီမံကိန်းလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ၊ လုပ်ကိုင်နိုင်ရန် ထူထောင်ပါသည်။ |
| MAPCO Warehousing & Logistics | ၅။ MAPCO Warehousing & Logistics လယ်ယာထွက်ကုန်သီးနှံများကို သိုလှောင်နိုင်ရန်၊ သယ်ယူပို့ဆောင်မှု၊ ကိုင်တွယ်ထိန်းသိမ်းမှု လုပ်ငန်းများဆောင်ရွက်နိုင်ရန် ထူထောင်ပါသည်။ |
| MAPCO Energy & Power | ၆။ MAPCO Energy & Power လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းတည်ထောင်ပါသည်။ |
| MAPCO Research Institute | ၇။ MAPCO Research Institute လေ့ကျင့်ပညာပေးခြင်းလုပ်ငန်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စီးပွားရေးအတိုင်ပင်ခံ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထူထောင်ပါသည်။ |

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED **(MAPCO)**
No. (339), 3rd Floor,Room 0303, Sakura Tower, Bogyoke Aung San Road, Kyauktada Township, Yangon, Myanmar.
Tel: (95-1) 255 083, 255 084 Fax: (95-1) 255 083 E.mail: bod@mapco-ygn.com